KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# တိတ်တဆိတ်ခံစားခြင်းလော။

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံစားနေရသည့် အမျိုးသမီးများ

၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ



# နိဒါန်း

*“သူကျွန်မကို အကြိမ်ကြိမ် အဓမ္မပြုကျင့်ပြီးကတည်းက ကျွန်မအရမ်းကြောက်ပြီး မလုံခြုံဘူးလို့ခံစားရတယ်။ သူကကျွန်မကို အိမ်မပြန်ခိုင်းဘူး။ အိမ်နီးနားချင်းတွေက ကျွန်မကွယ်ရာမှာ ကျွန်မအကြောင်းကိုပြောတဲ့အတွက်ကြောင့် ကျွန်မအရမ်းရှက်တာပဲ။”* ထိုစကားများသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ရှိသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဒဏ်အား ခံစားနေရသူများအထူးသဖြင့် တရားမျှတမှုရရှိရန် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိစ္စရပ်များအားတင်ပြရာတွင် အတားအဆီးအမျိုးမျိုးနှင့်ရင်ဆိုင်ရ သူများအတွက် မှန်ကန်လှပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား ဤကဲ့သို့အနက်အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ *“လိင်ပိုင်းဆိုင်ရာ ထိတွေ့သာယာမှုရရှိရန်ကြိုးစားလုပ်ဆောင်ခြင်း၊ မသင့်လျော်သော လိင်ပိုင်းဆိုင်ရာဝေဖန်ပြောဆိုခြင်း (သို့) တစ်ဦးတစ်ယောက်အား လိင်ပိုင်းဆိုင်ရာစော်ကားလိုသည့်ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ခြင်း၊ လုပ်ငန်းခွင်၌သော်လည်းကောင်း အိမ်၌သော်လည်းကောင်း လိင်ပိုင်းဆိုင်ရာပြုကျင့်ခြင်း၊ ပြည့်တန်ဆာအဖြစ် ရောင်းချရန်ကြိုးစားလုပ်ဆောင်ခြင်းစသော မည်သည့်လိင်ပိုင်းဆိုင်ရာလုပ်ရပ်ကိုမဆို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု မြောက်ပါသည်။”* လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွင် မုဒိမ်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခြင်းနှင့် ကလေးသူငယ်များအားသို့မဟုတ် မသန်စွမ်းသူများဖြစ်ကြသည့် စိတ်ပိုင်းဆိုင်ရာဝေဒနာရှင်များနှင့် ရုပ်ပိုင်းဆိုင်ရာဝေဒနာရှင်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း တို့ဖြစ်ကြပါသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် မြန်မာနိုင်ငံတွင်း အကျယ်တဝန်းဖြစ်ပေါ်နေသော ပြဿနာတစ်ရပ်အနေအဖြစ် တည်ရှိနေပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ပြောကြားချက်အရ အာဏာပိုင်များထံသို့တင်ပြသော မုဒိမ်းမှုအရေအတွက်သည် ၂၀၁၆ ခုနှစ်၌ (၁၁၀၀) ခုအထိတိုးမြင့်သွားပြီး ၂၀၁၇ ခုနှစ်တွင် (၁၄၀၅) ခု အထိပိုမိုတိုးမြင့်သွားကြောင်း သိရှိရပါသည်။ သို့သော်လည်း အဆိုပါဖော်ပြချက်များသည် မြန်မာပြည်အနှံ့ဖြစ်ပျက်နေသော မှန်ကန်သောအခြေအနေအဖြစ် မှတ်ယူ၍မရနိုင်ပါ။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူများအား အပြစ်တင်ဝေဖန်ကဲ့ရဲ့ရှုတ်ချပြောဆိုခြင်းနှင့် မားယွင်းသည့်ရှေ့ရိုးစွဲအယူအဆများသည်  မကြာမဏဆိုသကဲ့သို့ပင် ထိခိုက်နစ်နာသူများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ဖော်ထုတ်တင်ပြရန်အတွက် အဟန့်အတားများဖြစ်နေပါသည်။ ထိုကဲ့သို့သောစိန်ခေါ်မှုများရှိသော်ငြားလည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှု လက်မှတ်ရေးထိုးပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်သည့် ၎င်းတို့၏အတွေ့အကြုံဖြစ်ရပ်များအား ထုတ်ဖော်ပြောဆိုမှုမှာ ပိုမိုများပြားလာလျှက်ရှိလာပါသည်။ ဒေသခံလူ့အခွင့်အရေးလှုပ်ရှားသူအချို့နှင့် သုတေသနပြုလုပ်သူများက #MeToo လှုပ်ရှားမှုများသည် မြန်မာပြည်ရှိ အမျိုးသမီးအချို့အား ၎င်းတို့၏ တိတ်တဆိတ်ခံစားနေရမှုများကိုရိုက်ချိုးရန် လှုံ့ဆော်မိုးလာခဲ့ပါသည်။  မုဒိမ်းမှုအရေအတွက်သည် ၂၀၁၆ ခုနှစ် မှ ၂၀၁၇ ခုနှစ်တွင် ၁၈.၄ ရာခိုင်နှုန်းအထိ မြင့်တက်သွားကြောင်း မြန်မာတိုင်းမ်း (Myanmar Time) သတင်းဌာနမှ ဖော်ပြထားပါသည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ဆက်စပ်သည့် အမှုအခင်းများသည် မြန်မာစစ်တပ်များနှင့် လက်နက်ကိုင်အဖွဲ့အစည်းများမှ ဆက်လက်ကျူးလွန်လျှက်ရှိနေပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ကုလသမဂ္ဂ၏ အချက်အလက်ရှာဖွေရေးအဖွဲ့မှ အစီရင်ခံစာတင်ပြချက်အရ ၂၀၁၁ ခုနှစ်ကတည်းက မြန်မာ့တပ်မတော်သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ‘စစ်လက်နက်’ သဖွယ် အသုံးပြုလာခဲ့ကြကြောင်း ဖော်ပြထားပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းသည် စနစ်တကျလုပ်ဆောင်နေသော လုပ်ရပ်တစ်ခုဖြစ်နေပြီး အရပ်သားများအား ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်းများပြုလုပ်ရန် နည်းဗျူဟာတစ်ခုအဖြစ် တမင်တကာ အသုံးပြုလာခဲ့ကြပါသည်။ ထိုသို့သောအကြမ်းဖက်မှုပုံစံတို့သည် မြန်မာပြည်အရှေ့တောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွားချိန်အတွင်း ထပ်မံတလဲလဲဖြစ်ပွားနေသော အရာများဖြစ်ကြပါသည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) ၏ တင်ပြ

ချက်အရ မြန်မာ့တပ်မတော်သည် စစ်သားများအားတရားစွဲဆိုခြင်းမှ အကာအကွယ်ပေးထားပြီး ဤကိစ္စရပ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးနေသည့် အစဉ်အလာဖြစ်စေပါသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းတွင် ဖော်ပြထားပါသည်။ လိင်ပိုင်းဆိုင်ရာဖြစ်ရပ် ၂၇ ခုပါဝင်သော အစီရင်ခံစာ ၅၂ စောင်ကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ကြားကာလတွင် လက်ခံရရှိထားပြီး ၂၀၁၈ ခုနှစ်တွင်း၌ပင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ရပ် (၇)ခု ပါဝင်ပါသည်။ အဆိုပါလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာ မုဒိမ်းကျင့်ခြင်း၊ မုဒိမ်းကျင့်ရန် ကြိုးစားအားထုတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခြင်းစသည်တို့ဖြစ်ကြပြီး အဆိုပါလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်သူများမှာ ဒေသခံရွာသားများအပါအဝင် ကျောင်းဆရာများ၊ အစိုးရအရာရှိများ၊ တပ်မတော်စစ်သားများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များပါဝင်ပါသည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးချို့တဲ့သောအမျိုးသမီးများနှင့် ကလေးသူငယ်များသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်ရန် ပစ်မှတ်ထားခံရသူများဖြစ်ကြသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံစားနေရသောသူများနှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ရာတွင် အမျိုးသမီးအများစုသည် ဖြစ်ပျက်သောအမှုများအတွက် မည်ကဲ့သို့ အစီရင်ခံတင်ပြရမည်ကို မသိကြသည်နှင့် ၎င်းတို့၏လူမှုအသိုက်အဝန်းမှ ကဲ့ရဲ့အပြစ်တင်ရှုတ်ချမှုများနှင့် ပြစ်မှုကျူးလွန်သူများမှ ခြိမ်းခြောက်သည့်လုပ်ရပ်များနှင့်လည်း ရင်ဆိုင်ကြရပါသည်။ ဤကဲ့သို့ အခြေအနေများရှိနေခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို အစီရင်ခံတင်ပြရန် မဝံ့မရဲဖြစ်စေပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဖြေရှင်းပေးရန် အမျိုးသားများဦးဆောင်သော တရားမျှတမှုယန္တရားများကို ယုံကြည်အားထားရမှုအပေါ် မကြာခဏဆိုသကဲ့သို့ ထိခိုက်နစ်နာသူ အမျိုးသမီးများ၏အခွင့်အရေးရရှိနိုင်မှု လျော့ပါးစေပါသည်။ အခွင့်အာဏာရှိသော ပြစ်မှုကျူးလွန်သူများသည်လည်း ၎င်းတို့ကျူးလွန်သောပြစ်ဒဏ်မှ လျော့ပေါ့မှုရရှိရန်အတွက် အာဏာပိုင်များထံသို့ချဉ်းကပ်ကြပါသည်။

အစီရင်ခံစာအကျဉ်းချုပ်တွင်ပါဝင်သော ပထမအပိုင်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ယခင်နှင့်ယခုအချိန်ထိ ဖြစ်ပျက်နေသော အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်ပုံစံများကို အကဲဖြတ်သုံးသပ်ထားပါသည်။ ဤအစီရင်ခံစာအကျဉ်းချုပ်အတွင်း ခြုံငုံသုံးသပ်ထားသော ဖြစ်စဉ်များ၏အချိန်ကာလမှာ မြန်မာနိုင်ငံတွင်း ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိဖြစ်ပြီး တိုင်းပြည်အတွင်း ထူးခြားပေါ်လွင်သည့် အကြောင်းအရာများ ဖြစ်ပျက်ပြောင်းလဲနေသော အချိန်ကာလဖြစ်ပါသည်။ အဆိုပါထူးခြားပေါ်လွင်သည့် ပြောင်းလဲမှုများမှာ ၂၀၁၂ ခုနှစ် ကရင်အမျိုးသားအစည်းအရုံးနှင့်မြန်မာအစိုးရကြားပြုလုပ်သော ပဏာမအပစ်အခတ်တိုက်ခိုက်ရပ်စဲရေးနှင့် နောက်ဆက်တွဲဖြစ်သည့် ၂၀၁၅ ခုနှစ်တွင်ပြုလုပ်သော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခြင်းအပါအဝင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဦးဆောင်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တို့လည်း ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်း၌ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံစားကြရသူများ ရင်ဆိုင်နေရသောစိန်ခေါ်မှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ရသည့် အခြေခံအကြောင်းအရင်းများအား ဖြေရှင်းနိုင်မည့် အကြံပြုချက်များပါဝင်သည့် လေ့လာဆန်းစစ်မှုပြုထားသည့် အပိုင်းဖြစ်ပါသည်။

# မြန်မာပြည်အရှေ့တောင်ပိုင်း၏လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အခြေအနေ

## မုဒိမ်းမှုအား စစ်လက်နက်သဖွယ် ကျယ်ပြန့်စွာ အသုံးပြုမှုအပေါ် ဆက်လက်တည်ရှိနေသော လွတ်ငြိမ်းချမ်းသာခွင့်များ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၁၉၉၂ ခုနှစ်တွင်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် သထုံခရိုင်ရှိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပြုခံရသည့် အမျိုးသမီး တစ်ဦးမှ သူမ၏ အတွေ့အကြုံအား ဤကဲ့သို့ ဖော်ပြထားပါသည်။

*"တစ်ညလုံးအမျိုးသမီးတွေကိုဆွဲထုတ်ပြီး စစ်သားတွေကအဓမ္မပြုကျင့်တာပဲ။ သူတို့ အလှည့်ကျလုပ်ကြတယ်။ တစ်ယောက်ကို စစ်သားတွေအများကြီးနဲ့ အလှည့်ကျ တစ်ညလုံးအဓမ္မပြုကျင့်တယ်။ ကျွန်မလည်း အကျင့်ခံရတာပဲ။ အဓမ္မပြုကျင့်ခံရပြီး အိပ်မယ်ဆိုရင် တခြားအမျိုးသမီးတွေ အော်တဲ့အသံကို အမြဲတမ်းကြားနေရတယ်။ အဲ့လိုတစ်ညလုံးလုပ်ပြီးရင်မနက်ကျတော့ ကျွန်မတို့ကို ပစ္စည်းတွေသယ်ခိုင်းပြီး တောင်ပေါ်ကိုတက်ခိုင်းတယ်။ နော်အ--- ဆိုတဲ့ အမျိုးသမီးငယ်လေးကို ကျွန်မအရမ်းသနားတာပဲ။ သူမကိုညတိုင်း အဓမ္မပြုကျင့်ကြတယ်။ ပစ္စည်းတွေအလေးကြီးသယ်ဖို့အတွက် သူမကအရမ်းငယ်လွန်းတယ်။"*

ကရင်လူ့အခွင့်အရေးအဖွဲ့၏ ၁၉၉၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ သုတေသနပြုလုပ်မှုထဲတွင် တပ်မတော်စစ်သားများမှ ကျူးလွန်သောအမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်၎င်း၏ကျယ်ပြန့်မှုတို့သည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပြည်သူများအားစစ်တပ်မှအကြမ်းဖက်မှုနည်းပရိယာယ်အဖြစ် အရိုးစွဲနေပြီးဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာ၌ ကရင်လူ့အခွင့်အရေးအဖွဲ့သည် တပ်မတော်စစ်သားများနှင့်လက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်လျက်ရှိသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ဆက်စပ်သည့် အစီရင်ခံစာများစွာကို လက်ခံရရှိခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အဆင့်ဆင့်ရှိသော အောက်ခြေတပ်သားများနှင့် တပ်မှူးတို့မှကျူးလွန်ခဲ့ကြသည်။ တပ်မတော်သည် ကျား၊မ အခြေပြုအကြမ်းဖက်မှုကို နည်းဗျူဟာတစ်ရပ်အနေဖြင့် ကရင်လူ့အသိုက်အဝန်းများကို ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် KNU/KNLA တို့ကို ထောက်ခံခြင်းမပြုစေရန်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ဤတွေ့ရှိချက်များသည် ကရင်အမျိုးသမီးအစည်းအရုံးမှ ပြုလုပ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ဆက်စပ်သည့် သုတေသနပြုလုပ်ချက်နှင့် ဆင်တူလှပါသည်။ ၁၉၈၈ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်အကြားတွင် ကရင်အမျိုးသမီးအစည်းအရုံးသည် ကရင်ပြည်နယ်အတွင်း မြန်မာ့စစ်တပ်မှကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၁၂၅ ခုအား မှတ်တမ်းပြုစုခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကျူးလွန်သူထက်ဝက်ခန့်သည် ရာထူးကြီးသော စစ်တပ်အရာရှိများ ဖြစ်ကြပါသည်။ ကရင်အမျိုးသမီးအစည်းအရုံး၏အဆိုအရ အမှု ၄၀ ရာခိုင်နှုန်းခန့်သည် အဖွဲ့လိုက်အဓမ္မပြုကျင့်ခြင်းနှင့် ကျူးလွန်ခံရသူဦးရေ ၂၈ ရာခိုင်နှုန်းသည် ပြစ်မှုကျူးလွန်သူများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်။

ဤကဲ့သို့ကျူးလွန်သောဖြစ်စဉ်များအား ၁၉၉၇ ခုနှစ်မှ မှတ်တမ်းပြုစုချက်အရ မြိတ်-ထားဝယ်ခရိုင်ရှိ အမျိုးသမီးတစ်ဦးက အောက်ပါအတိုင်းအစီရင်ခံတင်ပြခဲ့ပါသည်။ *"ဗမာစစ်သားတွေက ရွာသားတွေကိုဖမ်းပြီးဆိုရင် ကျေးကျွန်အဖြစ် အသုံးပြုကြမယ်။ သေသွားတဲ့အထိ အဓမ္မပြုကျင့်မယ်၊ ရိုက်နှက်မယ်။ ဘာကြောင့်လဲဆိုရင် အဲ့ဒါဗမာစစ်တပ်ရဲ့ လုပ်နေကျအလုပ်ပဲ။ သူတို့က ကလေးတွေကိုသတ်မယ်။ ယောကျ်ားတွေကိုအလုပ်လုပ်ခိုင်းမယ် ပြီးရင်မိန်းမနဲ့သမီးတွေကိုတော့ အဓမ္မပြုကျင့်ကြတယ်။"*

မြန်မာပြည်အရှေ့တောင်ပိုင်း၌ တပ်မတော်မှပြုကျင့်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်များသည် ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်တိုက်ခိုက်ရပ်စဲရေး သဘောတူညီမှုနှင့်အတူ ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး

သဘောတူညီမှု လက်မှတ်ရေးထိုးပြီးနောက်ပိုင်း လျော့နည်းလာခဲ့ပါသည်။ တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်ရပ်စဲရေး သဘောတူညီမှုစာချုပ်တွင်ပြဌာန်းထားသည့် ကတိကဝတ်နှင့် စည်းမျဉ်းစည်းကမ်းများအရ အပိုင်း ၉ (ဍ)တွင် မြန်မာ့တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများသည် *"အမျိုးသမီးများအား ဗလက္ကာယပြုကျင့်ခြင်းဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် လိင်ကျေးကျွန်ပြုခြင်းအပါအဝင် မည်သည့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် လုပ်ရပ်တို့အား ရှောင်ကျဉ်ရပါမည်"* ဟုဖော်ပြထားပါသည်။ ထို့နည်းအတူ အပိုင်း ၉ (ပ)တွင်မှာလည်း လက်မှတ်ရေးထိုးသော အဖွဲ့များသည် *"ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့် အခြားသောလိင်ပိုင်းဆိုင်ရာထိခိုက်စော်ကားမှု အသွင်သဏ္ဍာန်တို့ကိုရှောင်ကျဉ်ပါမည်* ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၂ ခုနှစ်မှ ယခုလက်ရှိအချိန်ထိလက်ခံရရှိသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွင် တွေ့ရှိရသော သုံးသပ်ချက်များအရ တပ်မတော်မှ စနစ်တကျကျူးလွန်သော အဓမ္မပြုကျင့်မှုများ လျော့ကျလာခဲ့သကဲ့သို့ လက်နက်ကိုင်အဖွဲ့များမှ အများစုကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့သည်လည်း လျော့ကျလာခဲ့ပါသည်။ သို့သော် ယခုအချိန်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို အရပ်သားများမှသာ ကျူးလွန်ကြသည်ကို တွေ့ရှိရပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပမာဏ သေးငယ်လာသော်လည်း အဆိုပါပြစ်မှုများမှာ ဆက်လက်ဖြစ်ပွားလျှက်ရှိပြီး မကြာခဏဆိုသလို လွတ်ငြိမ်းချမ်းသာခွင့်များ ရှိနေပါသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်ရှိအသက် ၂၀ အရွယ်အမျိုးသမီးတစ်ဦးသည် တစ်ဦးတည်းခရီးသွားနေစဉ် တပ်မတော်စစ်သားဖြစ်သူ ထွန်းသိန်း၏ အဓမ္မပြုကျင့်ခြင်းကိုခံခဲ့ရသည်။ သူမသည် ပြစ်မှုကျူးလွန်သူထံမှ ရုန်းကန်လွတ်မြောက်ရန် ကြိုးစားနိုင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူစစ်သားသည် ရှမ်းပြည်နယ်တွင် အခြေစိုက်သော စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ်(၁)တွင် တာဝန်ထမ်းဆောင်နေပါသည်။ ထိုအမျိုးသမီးသည် ဤအမှုအား ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လျှောက်တင်ခဲ့ပြီး အုပ်ချုပ်ရေးမှူးသည် ထိုကိစ္စအားတပ်မတော်ထံသို့ လွှဲအပ်ပေးခဲ့ပြီးသည့်နောက်ပိုင်း ပြစ်မှုကျူးလွန်သူကို မြန်မာ့ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ပါသည်။ ရဲတပ်ဖွဲ့မှ ပြစ်မှုကျူးလွန်သူကို ထောင်ချမည်ဟု အုပ်ချုပ်ရေးမှူးနှင့် ကျူးလွန်ခံရသူအား ပြောကြားသော်လည်း မှုခင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်သော အကြောင်းအရာများအား မည်သည့်အသိပေးအကြောင်းကြားခြင်း မရှိတော့ပေ။ ထိုကြောင့် ထိုပြစ်မှုကျူးလွန်သူသည် အပြစ်ပေးခံရသည် မခံရသည်ကိုမူ ကရင်လူ့အခွင့်အရေးအဖွဲ့မှ အတည်မပြုနိုင်ခဲ့ပေ။

ခြုံငုံသုံးသပ်ရမည်ဆိုလျှင် ဒေသခံအမျိုးသမီးများသည် ယခင်နှင့်လက်ရှိကျူးလွန်နေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပေါ် တွေ့ရှိနေရသည့် လွတ်ငြိမ်းချမ်းသာခွင့်ပေးနေမှုများကြောင့် မြန်မာ့တပ်မတော်အား ဆက်လက် ကြောက်လန့်နေကြရပါသည်။ အချို့သောအမျိုးသမီးများသည် တပ်မတော်စစ်သားများ သို့မဟုတ် နယ်ခြားစောင့်တပ်များက လူမှုအသိုင်းအဝိုင်းနှင့်ကျေးရွာများအနီးတွင် အခြေစိုက်ခြင်းနှင့် သွားလာလှုပ်ရှားခြင်းများ တွေ့မြင်ရသည့်အချိန်တိုင်း လုံခြုံမှုမရှိဟု ခံစားရကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ တင်ပြခဲ့ပါသည်။ ဒူးပလာယာခရိုင်ရှိ အမျိုးသမီးတစ်ဦးမှ သူမ၏အမြင်ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဤကဲ့သို့ဖော်ပြထားပါသည်။ *"တပ်မတော်စစ်သားတွေက အမျိုးသားတွေဖြစ်ကြပြီး သူတို့တွေလက်ထဲမှာ သေနပ်ကိုယ်စီကိုင်ထားကြတယ်။ ကျွန်မတို့က အမျိုးသမီးတွေဖြစ်ကြတဲ့အတွက် ခရီးသွားလာတဲ့အခါ သူတို့ကိုကြောက်ရတယ်။ သိတဲ့အတိုင်းပဲ၊ အရင်တုန်းကဆိုရင် သူတို့တွေက ရွာသားတွေကို သူတို့ကြိုက်သလိုအဓမ္မပြုကျင့်ကြတယ်။"*

တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောညီမှုစာချုပ်လက်မှတ်ရေးထိုးခြင်းသည် အမျိုးသမီးများ၏ အခွင့်အရေး အတွက် မျက်နှာသာပေးခဲ့ပါသည်။ ထို့နည်းအတူ ပဋိပက္ခကာလအတွင်းဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများကို ပြန်လည်တင်ပြရန် အခွင့်သာစေခဲ့ပါသည်။ ဖာပွန်ခရိုင်နေ အသက် ၃၀ အရွယ်ရှိသော အမျိုးသမီး တစ်ဦးသည် နယ်ခြားစောင့်တပ်သား၏ လိင်ပိုင်းဆိုင်ရာနောက်ယှက်ခြင်းကို ခံရသူဖြစ်ခဲ့ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ ထံသို့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ တွင်တင်ပြခဲ့ပါသည်။ ထိုနောက် ပဋိပက္ခကာလအတွင်း အသက်

၁၆ နှစ်အရွယ်သာရှိသေးသော သူမ၏ အိမ်နီးချင်းနှစ်ဦး မည်သို့ အဓမ္မပြုကျင့်ခံခဲ့ရကြောင်းကိုလည်း ဤကဲ့သို့ ရှင်းပြခဲ့ပါသည်။

*"အရင်တုန်းကဒီကိစ္စက ကျွန်မတို့အတွက်အရမ်းရှက်စရာကောင်းတဲ့အတွက်ကြောင့် ဘယ်တော့မှထုတ်မပြောဖို့ စဉ်းစားခဲ့တယ်။ ဒီကိစ္စကို တစ်ယောက်ယောက်သာသိသွားခဲ့မယ်ဆိုရင် ကျွန်မတို့ ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်မိနိုင်တယ်။ တစ်ခြားနိုင်ငံမှာရှိတဲ့အမျိုးသမီးတွေက သူတို့ရဲ့အဓမ္မပြုကျင့်ခြင်းခံရတဲ့အကြောင်းတွေကို လူထုရှေ့နဲ့သတင်းမီဒီယာတွေရှေ့မှာ ထုတ်ဖော်ပြောပြတာက ရှက်စရာတစ်ရပ်ဖြစ်တယ်လို့ မယုံကြည်တာကိုတွေ့ရှိရတဲ့အခါမှာ ကျွန်မရဲ့ အတွေ့အကြုံတွေကို ပြောပြဖို့အတွက် သက်တောက်သက်သာ ဖြစ်လာပါတယ်။"*

ကရင်လူ့အခွင့်အရေးအဖွဲ့မှလည်း ၂၀၁၇ ခုနှစ်တွင် ၁၉၉၆ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ပတ်သက်သည့် အစီရင်ခံစာသုံးစောင်ကို လက်ခံရရှိခဲ့ပါသည်။ အသက် ၄၁ နှစ်အရွယ်ရှိ ထားဝယ်ခရိုင်ဒေသနေအမျိုးသမီးတစ်ဦးသည် တပ်မတော်စစ်သားများ၏ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ကြသည်။ ထိုမျှမက တပ်မတော်စစ်သားများသည် သူမ၏ယောကျ်ားကိုပါသတ်ခဲ့ကြောင်း ယခုလိုပြောပြခဲ့သည်။ "တပ်မတော်စစ်သားတွေက ကျွန်မနဲ့ ကျွန်မယောကျ်ားကို တိရိစ္ဆာန်တွေလိုပဲနှိပ်စက်တယ်။ ပြီးတဲ့နောက်မှာ တပ်မတော်အရာရှိ ဦးသန်းကျော်က ကျွန်မကို ရက်စက်စွာအတင်းအဓမ္မပြုကျင့်ခဲ့တယ်။ တပ်မတော်တပ်ရင်းများဖြစ်ကြတဲ့ တပ်ရင်း ၄၀၇၊ ၄၀၃ နဲ့ ၂၇၃ လည်းပါတယ်။ ရင်နာလိုက်တာ၊ ကျွန်မဒီအကြောင်းကို လုံးဝမပြောချင်တော့ပါဘူး။ ဒီအတွေ့အကြုံကိုပြောတိုင်း ကျွန်မအမြဲတမ်းစိတ်ထိခိုက်တယ်။" အချို့သောအမျိုးသမီးများသည် တိတ်တဆိတ်ခံစားမှုများအားထုတ်ဖော်ပြောဆိုသော်ငြားလည်း ယခုအချိန်တွင် စစ်သားများသည် ၎င်းတို့ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာပြစ်မှုများအပေါ် တာဝန်ခံမှုနှင့်ပတ်သက်ပြီး အပြစ်ရှိပါသည်။

## စာသင်ခန်းတွင်းမှ လွတ်ငြိမ်းချမ်းသာခွင့်၊ မြန်မာအစိုးရကျောင်းများတွင် ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း လတ်တလောဖြစ်ပွားခဲ့သည့် မြန်မာအစိုးရကျောင်းဆရာများမှ ဆယ်ကျော်သက်အရွယ်ရှိကျောင်းသူများအား လိင်ဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့သောဖြစ်စဉ်နှစ်ရပ်အား မှတ်တမ်းပြုစုခဲ့ပါသည်။ ပဏာမအပစ်အခတ်တိုက်ခိုက်ရပ်စဲရေး လက်မှတ်ရေးမထိုးခင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိအချို့သော နေရာဒေသများတွင်မြန်မာအစိုးရ ကျောင်းဆရာများမရှိခဲ့ကြောင်း သတိပြုသင့်ပါသည်။

ပထမဖြစ်ရပ်မှာဖာပွန်ခရိုင်ရှိ မြန်မာအစိုးရအထက်တန်းကျောင်းမှ ကျောင်းဆရာဦးချစ်ဦးမောင်သည် ကျောင်းသူသုံးယောက်ကို ညအတန်းချိန်အတွင်း၌ မဖွယ်မရာ လိင်ပိုင်းဆိုင်ရာ ကိုင်တွယ်သည့်အမှုဖြစ်ပြီး ၂၀၁၇ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဖြစ်ပွားခဲ့သောဖြစ်ရပ်ဖြစ်ပါသည်။ ဤအမှုသည်ကျူးလွန်ခံရသည့် ကျောင်းသူသုံးဦးထဲမှတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ ကျောင်းအုပ်ကြီးသည် ဖြစ်ပျက်ခဲ့သောအခြေအနေကို ရင်ဆိုင်ဖြေရှင်းရန် ပျက်ကွက်သောကြောင့်ကျောင်းသားဦးရေ ၈၀ ခန့်သည် ကျောင်းရှေ့သို့သွားပြီး အမှုအားစုံစမ်းစစ်ဆေးပေးရန် ဆန္ဒပြခဲ့ကြပါသည်။ ၎င်းတို့သည် ကရင်ပြည်နယ်ဝန်ကြီးချုပ်ထံသို့လည်း ကန့်ကွက်စာတင်ခဲ့ပါသည်။ နောက်ဆက်တွဲအနေဖြင့် ကျောင်းအုပ်ကြီးမှ အဆိုပါကျောင်းဆရာသည် အပြစ်မရှိကြောင်း လက်ခံပေးဖို့စည်းရုံးသိမ်းသွင်းရန် ကျောင်းသားများ၏ မိဘအုပ်ထိန်းသူများအား အစည်းအဝေးခေါ်ခဲ့သည်။ သို့သော် ကျောင်းသူကျောင်းသားများမှ ဦးချစ်ဦးမောင်တွင်အပြစ်ရှိ၍ အပြစ်ပေးထိုက်ကြောင်း တင်ပြခဲ့ပြီး ထိုအစည်းအဝေး၌ စည်းရုံးသိမ်းသွင်းသောရှင်းလင်းတင်ပြချက်များအား ကန့်ကွက်ခဲ့ကြပါသည်။ နောက်ဆုံးတွင် ကျောင်းအုပ်ကြီးသည် ထိုကျောင်းဆရာအား ပြစ်မှုကျူးလွန်သောနေရာနှင့် ကိုးမိုင်ဝန်းကျင် အကွာအဝေးတွင်ရှိသော အခြားကျောင်းသို့ ပြောင်းရန် သဘောတူခဲ့ပါသည်။ ထို့နောက်ကျောင်းအုပ်ကြီးသည် မိဘများအားသဘောတူညီမှုအတွက် လက်မှတ်ရေးထိုးစေခဲ့ပါသည်။

ကျောင်းသားအုပ်ထိန်းသူအများစုသည် သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့သော်လည်း ပြစ်မှုကျူးလွန်ခံရသူ ကျောင်းသူတစ်ဦး၏အမေမှ ဤကဲ့သို့တင်ပြထားပါသည်။ "*ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မတော့ မကျေနပ်နိုင်ပါဘူး၊ ဒီကိစ္စကိုဥပဒေအတိုင်း ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းသင့်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ တစ်ခြားမိဘတွေက လက်မှတ်ထိုးဖို့သဘောတူညီခဲ့တော့ ကျွန်မ သမီး အရှက်မရဖို့ကျွန်မလည်း သူတို့နောက်လိုက်ပြီးလက်မှတ်ထိုးခဲ့ရတယ်။*"

ဒုတိယဖြစ်စဉ်တွင် ကျောင်းအုပ်ဆရာတစ်ဦးဖြစ်သည့် သက်နိုင်ဦးက အသက် ၁၅ နှစ်အရွယ်ရှိ စိတ်ဝေဒနာခံစားနေရသော အမျိုးသမီးငယ်တစ်ဦးကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့၊ ဘီးလင်းမြို့နယ်တွင် အဓမ္မပြုကျင့်ရန် ကြိုးစားခဲ့သည့် မှုခင်းဖြစ်သည်။ ပြစ်မှုကျူးလွန်သူကို ကရင်အမျိုးသားအစည်းအရုံး၏ ရဲတပ်ဖွဲ့မှဖမ်းဆီးပြီးသည့်နောက်ပိုင်း ဒေသခံခေါင်းဆောင်များနှင့်အတူ ကျေးရွာဥက္ကဌ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံကျောင်းဆရာ/မများနှင့် ကရင်အမျိုးသားအစည်းအရုံး၏ ဘီးလင်းမြို့နယ်ဆက်ဆံရေးရုံး အုပ်ချုပ်ရေးမှူးတို့မှ ဤအမှုကိုအတူတကွကိုင်တွယ် ဖြေရှင်းပေးကြပါသည်။ မှုခင်းနှင့်ပတ်သက်ပြီး ကျူးလွန်ခံရသူ၏မိခင်သည် ဤကဲ့သို့ပြောဆိုပါသည်။ "*အခြားကလေးတွေအတွက် သူတို့လေးတွေရဲ့ အနာဂတ်လုံခြုံမှုရှိဖို့ ပြစ်မှုကျူးလွန်တဲ့သူကို ဒီရွာကနေမထားသင့်တော့ဘူး။*" ထို့ကြောင့် ၎င်းအမှုကိုသေချာစွာ ကိုင်တွယ်ဖြေရှင်းပေးရန်လိုအပ်ပါသည်။ ပြစ်မှုကျူးလွန်သူသည် ကျေးရွာအဆင့်တွင်အပြစ်ရှိကြောင်းထင်ရှားသော်လည်း ဘီလင်းမြို့နယ်၊ ဒုပညာရေးမှူးဦးလွင်မောင်စိုးသည် ဒေသခံများ၏ စုံစမ်းစစ်ဆေးမှုလုပ်ရပ်များအား နောက်ယှက်ရပ်တန့်စေပြီး ပြစ်မှုကျူးလွန်သူကို လွတ်ပေးခဲ့ပါသည်။ ကျောင်းဆရာက သူ၏လက်အောက်ခံဖြစ်ပြီး စစ်ဆေးမေးမြန်းမှုတို့အား မြန်မာအစိုးရထံသို့ လွှဲပေးသင့်သည်ဟု အဆိုပါဒုပညာရေးမှူးက ဆိုပါသည်။ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးမည့်အစား ဒုပညာရေးမှူးသည်ကျောင်းအုပ်ကြီးအားနီးစပ်ရာကျေးရွာတစ်ရွာသို့ လွှဲပြောင်းခဲ့ပါသည်။

မြန်မာအစိုးရ၏ ဒေသခံကျောင်းဆရာများမှ လိင်ပိုင်းဆိုင်ရာကျူးလွန်မှု ပါဝင်သည့်ကိစ္စရပ်များ အနည်းငယ်ရှိသော်လည်း ကရင်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် မြန်မာအစိုးရကျောင်းဆရာများမှကျူးလွန်သောလိင်ဆိုင်ရာဆန့်ကျင်အကြမ်းဖက်မှုသည် အမျိုးသမီးများကြုံတွေ့ရသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပုံစံသစ်တစ်ခုဖြစ်ကြောင်း ယူဆ၍မရနိုင်ပါ။ ပြစ်မှုကျူးလွန်သူများအား အာဏာပိုင်များမှ အရေးယူအပြစ်ပေးခြင်းမရှိခြင်းသည်သာ အလွန်စိုးရိမ်ဖွယ်ရာ အချက်တစ်ချက်ဖြစ်ပါသည်။ အကြောင်းမှာ ပြန်လည်ခုခံနိုင်စွမ်းမရှိသောကျောင်းသူများသည် ဤမှုခင်းကိစ္စရပ်များနည်းတူ အနာဂတ်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပိုမိုဖြစ်ပွားလာနိုင်စေပါသည်။

## ပြန်လည်ခုခံနိုင်စွမ်းမရှိသူများ အပေါ်ပစ်မှတ်ထားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ချို့တဲ့သည့် အမျိုးသမီးများနှင့် ကလေးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း

အထူးသဖြင့် ဆင်းရဲနွမ်းပါးသည့်သူများ၊ ကလေးသူငယ်များ၊ မိဘမဲ့ကလေးများနှင့် စိတ်ကျန်းမာရေး ချို့တဲ့သောအမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာဖြစ်စေ ထိလွယ်ရှလွယ်ပြီး ပစ်မှတ်ထားတတ်ကြပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ကြားတွင် မှတ်တမ်းတင်သော လိင်ပိုင်းဆိုင်ရာထိခိုက်စော်ကားမှုနှင့် မုဒိမ်းမှု ၂၇ မှုထဲမှ ၁၂ မှုသည် အမျိုးသမီးများမှ ကြုံတွေ့ရသော အမှုများဖြစ်ပါသည်။ ထိုထဲတွင် ၂၀၁၈ ခုနှစ်ထဲမှ စိတ်ပိုင်းဆိုင်ရာဝေဒနာရှင်အမျိုးသမီး ရင်ဆိုင်ကြုံတွေ့ခဲ့ရသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (၆)မှုနှင့် ကလေးများ ကြုံတွေ့ရသော လိင်ပိုင်းဆိုင်ရာပြစ်မှု (၃)မှုလည်း ပါဝင်ပါသည်။

*အမျိုးသမီးငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း*

ပြစ်မှုကျူးလွန်သူများသည် အမျိုးသမီးငယ်များအား လွယ်လင့်တကူပစ်မှတ်ထားတတ်ကြသည်။ ထို့ကြောင့် ၎င်းတို့အား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ကာကွယ်ရန်အတွက် သာလွန်ကောင်းမွန်လှသော အထူးဂရုစိုက်ဆောင်ရွက်ရန်လိုအပ်လျက် ရှိပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏အဆိုပြုချက်အရ ပြည်တွင်းအဆင့်တွင် အာဏာပိုင်များထံသိုတင်ပြထားသော မုဒိမ်းမှု အများစုတွင် ကျူးလွန်ခံရသူများမှာ ကလေးသူငယ်များ (၂၀၁၆ တွင် ၆၁%၊ ၂၀၁၇ တွင် ၆၃.၈%) ပါဝင်ပါသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းတင်ခဲ့သောအမှုနှစ်ခုထဲတွင် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ရှိသော အမျိုးသမီးငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပြုသည့် အမှုနှစ်မှုပါဝင်ပါသည်။ ထိုအမှုနှစ်မှုစလုံးသည် ၂၀၁၈ ခုနှစ်တွင် ဖြစ်ပွားခဲ့ပါသည်။

မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်မှ အသက်ငါးနှစ်အရွယ်သာရှိသေးသော ကလေးမလေးအား အုပ်ထိန်းသူမရှိသည့် အချိန်တွင် သူမအဒေါ်၏ယောကျ်ားမှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် အဓမ္မပြုကျင့်ခဲ့ပါသည်။ အဆိုပါမိန်းကလေးသည် ဆိုးရွားစွာ ထိခိုက်ဒဏ်ရာရခဲ့သောကြောင့် ထားဝယ်မြို့ဆေးရုံသို့ ဆေးဝါးကုသမှုခံယူခဲ့ရပါသည်။ မြန်မာ့ရဲတပ်ဖွဲ့မှ ဤအမှုအား စုံစမ်းစစ်ဆေးမေးမြန်းမှုပြုလုပ်ပြီး ပြစ်မှုကျူးလွန်သူအားဖမ်းဆီးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့ကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ကြားသိခဲ့ရပါသည်။ သို့သော် ကျူးလွန်ခံရသူသည်မည်သည့် လျော်ကြေးငွေမှ မရရှိခဲ့ပါ။

ထိုအမှုနှင့်ဆင်တူသောဖြစ်စဉ်သည် ၂၀၁၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင်ဖြစ်ပျက်ခဲ့ပါသည်။ ဒူးပလာခရိုင် နို့တကောမြို့နယ် မှ အသက် ၁၅ နှစ်အရွယ်ရှိသော မိန်းကလေးအား သူမအမေ၏ယောကျ်ားဖြစ်သူမှ အဓမ္မပြုကျင့်ခဲ့ပါသည်။ ကျူးလွန်ခံရသူ မိန်းကလေးသည် ထိုအကြောင်းအရာအား သူမ၏အမေကိုပြောပြသော်လည်း အမေဖြစ်သူသည် သူမ၏ယောကျ်ားကို အရေးယူ မှုပြုရန် မဝံ့မရဲဖြစ်နေသည်။ ကျူးလွန်ခံရသူ၏ မိသားစုများမှာလည်း သူမကိုရှောင်ဖယ်နေကြပါသည်။ ထို့ကြောင့် ဒေသခံ အမျိုးသမီးတစ်ဦးသည် အဆိုပါမိန်းကလေးကို ကာကွယ်ပေးခဲ့ပြီး ယင်းအမှုအားပြစ်မှုကျူးလွန်သူ နေထိုင်သည့်ရွာ၏ကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ တင်ပြခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ကျူးလွန်ခံရသူမိန်းကလေးအား ငွေပေးခဲ့ပြီး အမှုကိုကျေအေး ရန်အတွက် ထိုမိန်းကလေးအားခေါ်သွားရန် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဆိုပါအမျိုးသမီးအား တောင်းဆိုခဲ့သော်လည်း ထို အမျိုးသမီးက ထိုတောင်းဆိုချက်ကို ငြင်းဆိုခဲ့ပါသည်။ ထို့နောက် မြို့နယ်အဆင့်ရှိသော ကရင်အမျိုးသားအစည်းအရုံး ရဲတပ်ဖွဲ့နှင့် ဒေသခံအာဏာပိုင်များမှ ယင်းအမှုအား စစ်ဆေးမေးမြန်းမှုပြုလုပ်ပြီး ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ်တစ်နှစ်ချမှတ်ခဲ့ ပါသည်။ ထိုကဲ့သို့ ဆိုးရွားလွန်းသောပြစ်မှုကို ခရိုင်တရားရုံးသို့ မလွှဲအပ်ခဲ့သည့်အပြင် ပြစ်မှုကျူးလွန်သူအား သေးငယ်သော အပြစ်ဒဏ်ကိုသာ ပေးခဲ့ခြင်းသည် အမျိုးသမီးငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပေါ် ကရင့်အမျိုးသားအစည်းအရုံး ၏ အမှုကိုင်တွယ်တရားစွဲခြင်းများပေါ် မေးခွန်းများပေါ်ပေါက်လာစေခဲ့ပါသည်။

## *စိတ်ပိုင်းဆိုင်ရာ အမျိုးသမီးဝေဒနာရှင်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း*

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၁၄ ခုနှစ်တွင် စိတ်ဝေဒနာရှင်အမျိုးသမီးများကို ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (၂) မှုကို မှတ်တမ်းတင်ခဲ့ပါသည်။ အဆိုပါဖြစ်စဉ် နှစ်ခုလုံးသည် ကျူးလွန်ခံရသူများ ကိုယ်ဝန်ရှိလာမှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအဖြစ် အမှုမှန်ပေါ်လာခြင်းဖြစ်သည်။ ဒေသခံတာဝန်ရှိခေါင်းဆောင်များသည် ၎င်းအမှုများဖြစ်ပွားသောနေရာ ဒေသနှင့် မုဒိမ်းမှုမှခြိမ်းခြောက်ခံရခြင်း မည်မျှကြာကြာခံရသည့်အကြောင်းကိုလည်း မသိရှိခဲ့ပါ။ ကျူးလွန်ခံရသူများမှာ ဖြစ်ပွား ခဲ့သော အမှုနှင့်ပတ်သက်ပြီး အသေးစိတ် ပြန်လည်မှတ်မိနိုင်စွမ်းမရှိသလို ဒေသခံတာဝန်ရှိသူများမှလည်း အမှုအားထိရောက် စွာ အရေးယူခြင်းမရှိကြောင်းသိရပါသည်။ အမှု (၂) ခုလုံးကို ဒေသခံကေအဲန်ယူ (ကရင်အမျိုးသားအစည်းအရုံး) တာဝန်ရှိ သူများမှ စုံစမ်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ ကရင်အမျိုးသမီးအဖွဲ့အစည်း(KWO)လည်း ထိုအမှုများကိုစုံစမ်း စစ်ဆေးချိန်တွင်ပါဝင် ခဲ့ပြီး ခံစားရသူများကိုလည်း အကူအညီအထောက်အပံ့များ ပေးခဲ့ပါသည်။ ၂၀၁၆ ခုနှစ် မတ်လတွင် ၎င်းတို့၏ကိုယ်စားလှယ် တစ်ဦးမှ ယခုလိုတင်ပြခဲ့ပါသည်။

*"ကျွန်မတို့ဆီမှာ လိင်ပိုင်းဆိုင်ရာအဓမ္မကျူးလွန်ခံရပြီး ကိုယ်ဝန်ရှိလာသော စိတ်ကျန်းမာရေးချို့တဲ့သည့် အမျိုးသမီးများအနည်းငယ်ရှိပါတယ်။ သူတို့ကိုယ်ဝန်မရှိလာမချင်း လူတွေကသူတို့ကြုံတွေ့ခံစားရတဲ့ အဓမ္မလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကို သိကြမှာမဟုတ်ပါဘူး။ အဓမ္မပြုကျင့်သူကို ရှာဖွေဖော်ထုတ်လို့မရရင် ထိခိုက်ခံစားရသူတွေကို အကူအညီပေးဖို့တော်တော်ခက်ခဲပါတယ်။ လူတွေကဖြစ်ပေါ်လာတဲ့ အဓမ္မပြုခံရခြင်းအပေါ် အမျိုးသမီးတွေကိုဘဲ (မကြာခဏ) အပြစ်တင်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့(အမျိုးသမီး)က စိတ်မနှံ့တဲ့အတွက်ကြောင့်ဖြစ်တယ်။ အများအားဖြင့် လူတွေကအမျိုးသမီးတွေကို ပိုပြီးအပြစ်တင်ကြပြီး တချို့တလေတွေသာ အမျိုးသားတွေကိုအပြစ်တင်တယ်။ ဘာမှမသိတဲ့အမျိုးသမီးကို ဘာလို့သူတို့တွေက အဲဒီလိုလုပ်ရတာလဲ"*[1]

အာဏာရှိသောပုဂ္ဂိုလ်တစ်ဦးမှ စိတ်မနှံ့သောအမျိုးသမီးများကို အဓမ္မပြုခြင်းကျူးလွန်လျှင် ထိုအမျိုးသမီးများအတွက် တရားမျှတမှုရရှိရန် လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းလျော့ကျသွားပါသည်။ ၂၀၁၄ ခုနှစ်တွင် တပ်မတော်စစ်သားတစ်ဦး၏သားဖြစ်သူ ကိုမျိုးသည် ဖာပွန်ခရိုင်မှစိတ်မနှံ့သောအမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်ရန်ကြိုးစားခဲ့ပါသည်။ ၎င်းအမျိုးသမီး၏ ယောက်ဖဖြစ်သူသည် အခင်းဖြစ်ပွားမှုကိုမျက်မြင်တွေ့ရှိ၍ ထိုအမျိုးသားကိုဖမ်းဆီးခဲ့ပြီး ကျေးရွာနှင့် ကျေးရွာအုပ်စုတာဝန်ရှိသူများအား တင်ပြခဲ့ပါသည်။ သို့သော် တာဝန်ရှိသူများသည် ၎င်းကိစ္စကို အရေးယူပေးမှုမရှိခဲ့ပေ။ သုံးရက်ကြာသော် ထိုပြစ်မှုကျူးလွန်သူသည် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ဒေသခံတာဝန်ရှိသူများလည်း ပြစ်မှုကျူးလွန်သူမရှိတော့သည့်အတွက် အမှုအားပယ်ချခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ထိုပြစ်မှုကျူးလွန်သူသည် ရွာကိုပြန်လာခဲ့သည်ဟု ကရင့်လူ့အခွင့်အရေးအဖွဲ့၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ တင်ပြခဲ့ပါသည်။ သို့သော် ထိုကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်စုံတစ်ရာမျှ ပြုလုပ်ခြင်းမရှိခဲ့ပါ။ ထိခိုက်နစ်နာသူအမျိုးသမီးအား ယခုအချိန်ထိ ကာကွယ်ပေးထားခြင်း သို့မဟုတ် လျော်ကြေးငွေများပေးအပ်ခြင်း တစ်စုံတစ်ရာ မရှိခဲ့ချေ။

## *လူမှုရေးနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခက်အခဲများနှင့်ရင်ဆိုင်နေရသောအမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း*

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် ထိခိုက်နစ်နာသူအမျိုးသမီးများနှင့် ဆက်နွယ်မှုရှိသော ဩဇာအာဏာရှိသည့် အမျိုးသားများအကြားတွင်မှာလည်း ဖြစ်ပေါ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် အသက် ၂၃ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် သူမ၏ခြံပိုင်ရှင် ဖါးတီငထွန်းမှ ထပ်ခါတလဲလဲအဓမ္မပြုကျင့်ခံရပြီး ကိုယ်ဝန်ရှိလာခဲ့ပါသည်။ ထိုမှုခင်းသည် မြိတ်-ထားဝယ်ခရိုင် (တနင်္သာရီတိုင်း)၊ တနင်္သာရီမြို့နယ်တွင် ဖြစ်ပွားခဲ့ပါသည်။ အဓမ္မပြုကျင့်သူသည် ထိုအမျိုးသမီးအား အမှုကိုထုတ်ဖော်ပြောဆိုခဲ့လျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။ ထိခိုက်နစ်နာသူအမျိုးသမီးမှာ ၎င်းအမှုကို ကျေးရွာအုပ်စု အတွင်းရေးမှူးစောဖိုးခွါးဆီ တိုင်ကြားသော်လည်း အတွင်းရေးမှူးမှ မည်သည့်အရေးယူမှုတစ်ခုမှ မပြုလုပ်ခဲ့ပါ။ သူမသည် ကရင့်လူ့အခွင့်အရေးအဖွဲ့သို့ ယခုလိုတင်ပြခဲ့ပါသည်။ "*ကျွန်မကြောက်ပြီးလုံခြုံမှုမရှိသလိုခံစားရတယ်။ သူကျွန်မကိုအိမ်လည်းမပြန်ခိုင်းဘူး။*"[2] ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ကရင့်လူ့အခွင့်အရေးအဖွဲ့သည် ထိုအမှုနှင့်ပတ်သက်သော သတင်းအချက်အလက်များ ထပ်မံရရှိခဲ့သည်။ ဒေသခံတာဝန်ရှိသူများသည် ပြစ်မှုကျူးလွန်သူအား လျော်ကြေး ၄,၅၀၀,၀၀၀ ကျပ်ကို ခံရသူအမျိုးသမီးအားပေးရန် အမိန့်ချခဲ့ပါသည်။ ထို့နောက် ပြစ်မှုကျူးလွန်သူသည် ငွေ ၁,၀၀၀,၀၀၀ ကျပ်ကို မွေးဖွားလာမည့်ကလေးအား ၅ နှစ်အရွယ်ကစပြီး ၁၈ နှစ်ရောက်သည့်အထိ ထောက်ပံ့ရန်အတွက်လည်း ကလေး၏အမေကိုပေးရမည်ဖြစ်ပါသည်။ သို့စေ

---

[1] Karen Human Rights Group (2017), "*International Women's Day 2017*".

[2] Karen Human Rights Group (2018), "*Mergui-Tavoy Interview: Naw H---, February 2018*".

ကာမှု ဒေသခံတာဝန်ရှိသူများ၏ နှောင့်နှေးသောအရေးယူမှုကြောင့် ခံရသူအမျိုးသမီး၏ စိုးရိမ်ကြောက်ကြရသည့်အခြေအနေကိုပိုမိုဆိုးရွားစေပြီး ဘဝခြိမ်းခြောက်မှုခံရသည့် အခြေအနေထိဖြစ်ပေါ်စေခဲ့ပါသည်။ ထို့အပြင် ပြစ်မှုကျူးလွန်သူအား ထောင်ဒဏ်ချမှတ်ခြင်းမရှိသောအဖြစ်သည်လည်း နားမလည်နိုင်သော ရာဇဝတ်မှု၏ အပြစ်ပေးခြင်းပင်ဖြစ်သည်။

# မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ဖြစ်ပွားသောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် ဖြစ်ပွားရသည့် အကြောင်းအရင်းများကို လေ့လာဆန်းစစ်ခြင်း - ကာကွယ်ခြင်းသို့ပထမခြေလှမ်း

## ဓလေ့ထုံးတမ်းအရ ကျား/မရေးရာ စံသတ်မှတ်ချက်များအပေါ် အမြစ်တွယ်ခြင်း - ရှေးရိုးစွဲအယူအဆများ၊ ထိခိုက်နစ်နာသူကိုအပြစ်တင်ကဲ့ရဲ့ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဘာသာရေး၏ စံသတ်မှတ်ချက်များသည် ကျား/မရေးရာအယူအဆနှင့် အမြင်များအပေါ်များစွာလွှမ်းမိုးမှု ရှိနေပါသည်။ အမျိုးသားနှင့်အမျိုးသမီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏အောက်တွင် အခွင့်အရေးတန်းတူရှိသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဗုဒ္ဓဘာသာ၏အစဉ်အလာအရ အမျိုးသားများသည် ဘာသာရေးတွင် ပို၍အဆင့်အတန်းမြင့်မားကြပါသည်။ ဤကဲ့သို့အယူအဆများသည် များပြားသောခွဲခြားဆက်ဆံမှုကို ဖြစ်ပေါ်စေရန် လမ်းခင်းပေးခြင်းဖြစ်သည်။အကျိုးဆက်အနေဖြင့် အမျိုးသမီးများသည် ရှေးရိုးဆန်သောအဝတ်အစားကိုသာ ဝတ်စေလိုခြင်းဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသတွင်နေထိုင်သောအမျိုးသမီးများ ထိုကဲ့သို့ဝတ်စားရမည်ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်မှုသည် ဝတ်စားဆင်ယင်မှုဖြစ်နိုင်ခြေရှိသည်ဟု နိုင်ငံအတွင်းပျံ့နှံ့သည့်အမြင်ရှိကြပြီး ပြည်ထဲရေးဝန်ကြီးဌာနမှလည်း "*လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ မဖြစ်ပွားစေရန်အတွက် သင့်လျော်စွာဝတ်စားဆင်ယင်ကြပါ*"[3]ဟုအမျိုးသမီးများကို တိုက်တွန်းခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂမှ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးသဘောတူညီချက်စာချုပ်၏ အထွေထွေအကြံပြုချက် နံပါတ်(၁၉)တွင် အမျိုးသမီးများအား အကြမ်းဖက်မှုအပေါ် ယခုလိုနိဂုံးချုပ် ဖော်ပြခဲ့ပါသည်။ ကျား/မရေးရာ ပုံသေကားချမှတ်ယူမှု(အယူသည်းမှု)သည် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာဖြစ်စေသည့် "*အကြမ်းဖက်မှုနှင့်အကျပ်ကိုင်မှု ကျယ်ကျယ်ပျံ့ပျံ့ကျင့်သုံးခြင်းများ*",[4]ကို ပိုမိုများပြားစေပါသည်။ လိင်ပိုင်းဆိုင်ရာ ပုံသေကားချမှတ်ယူမှုဖြစ်သည့် အမျိုးသားများစီးပွားရေးလုပ်ဆောင်နေချိန်တွင် အမျိုးသမီးများသည် အိမ်တွင်းကိစ္စနှင့်ကလေးထိန်းသိမ်းရမည်ဟုဆိုသော အယူအဆများသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ဒေသများတွင် ပျံ့နှံ့စွာတည်ရှိနေဆဲဖြစ်သည်။ ဗမာနှင့်ကရင် အသုံးများသည့် စကားပုံဖြစ်သော "*ကြက်မတွန်လျှင်မိုးမလင်း*" သည် ဓလေ့ထုံးတမ်းအယူအဆ၊အမြင်အရ အမျိုးသမီးများ၏ လုပ်ဆောင်ရမည့်တာဝန်အခန်းကဏ္ဍကို ဖော်ပြထားခြင်းဖြစ်သည်။

ထိခိုက်နစ်နာသူအားအပြစ်တင်ခြင်းသည် အဖြစ်များသောအရာတစ်ခုဖြစ်ပြီး ထိခိုက်ခံစားရသူများသည် မကြာခဏဆိုသလို ခွဲခြားဆက်ဆံခံရခြင်းနှင့် လူမှုအသိုင်းအဝိုင်း၏ ကဲ့ရဲ့ရှုတ်ချခြင်းများကိုပါ ရင်ဆိုင်ခံစားကြရပါသည်။ ရဲအရာရှိနှင့် မှုခင်းဆိုင်ရာတရားသူကြီးများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ရင်ဆိုင်ဖြေရှင်းချိန်နှင့် အစီရင်ခံတင်ပြချိန်တွင် အမျိုးသမီးများကို အပြစ်တင်လေ့ရှိကြပါသည်။ လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်မှုသည် ဓလေ့ထုံးတမ်းအရ လူမှုအသိုင်းဝိုင်းမှ သတ်မှတ်ထား

---

[3] Myanmar Times (2018), "*Sexual assault cases rising in Myanmar*".

[4] Committee on the Elimination of Discrimination against Women (1992), "*General Recommendation No. 19: Violence against women*", p. 2.

သော ပြုမူနေထိုင်ရမည့်နည်းလမ်းနှင့် ကိုက်ညီမှုမရှိဘဲ နေထိုင်သည့်အမျိုးသမီးများသာ ကြုံရသည်ဟု သဘောထားခံယူချက် ကျယ်ပြန့်စွာတည်ရှိနေပါသည်။[5] ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းတင်ထားသော ဖြစ်ရပ်များထဲကတစ်ခုတွင် ထိခိုက်နစ်နာသူ၏အမသည် ယခုလိုပြောဆိုခဲ့ပါသည်။ *"ကျွန်မပြောချင်တာက ကျွန်မညီမက ပြည့်တန်ဆာမ မဟုတ်သလို အကျင့်စာရိတ္တမကောင်းတဲ့လူလည်း မဟုတ်ဘူး။ သူမက ပညာမတတ်တာရယ် စိတ်မနှံ့တာရယ်ပဲရှိတာပါ"*။[6] ယခုလို ထုတ်ပြန်ချက်သည် ဖြစ်ပေါ်လာသောလိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှုအတွက် အမျိုးသမီးများကို အပြစ်တင်ခံရခြင်း၏ အတွေးအခေါ်ကို သယ်ယူပို့ဆောင်ခြင်းဖြစ်သည်။

မြန်မာပြည် အရှေ့တောင်ပိုင်းဒေသတွင် အပျိုစင်(အပျိုစစ်ခြင်း)သည် သန့်ရှင်းစင်ကြယ်သည်ဟု သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဒေသတွင်အမျိုးသမီးများကို စကားပုံတစ်ခုဖြစ်သော *"အမျိုးသမီးများသည် ဖက်ရွက်လိုသာဖြစ်သည်။ ဖက်ပေါ်ဆူးကျ ဖက်ပေါက်၊ ဆူးပေါ်ဖက်ကျ ဖက်ပေါက်"* ဟုနှိုင်းယှဉ်ခြင်းဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်ခံရသောအမျိုးသမီးများသည် ၎င်းတို့၏အပျိုစင်ဘဝကို ဆုံးရှုံးခဲ့ရခြင်းကြောင့် လူမှုပတ်ဝန်းကျင်ထဲတွင် ဆိုးရွားသောကံကိုယူဆောင်လာစေသည်ဟု ယူဆကြပါသည်။ အဓမ္မပြုကျင့်ခံရပြီး အပျိုစင်ဘဝဆုံးရှုံးခဲ့ရသော အမျိုးသမီးများကို အခြားသောအမျိုးသားများက လက်ထပ်မှာမဟုတ်သောကြောင့် သူတို့မှာ ရွေးချယ်စရာမရှိတော့သဖြင့် အဓမ္မအပြစ်ကျူးလွန်သူကိုသာလက်ထပ်ရခြင်းဖြစ်ပြီး တချို့အမှုများမှာ ဒေသခံတာဝန်ရှိသူများကပင် ပြစ်မှုကျူးလွန်သူအား လက်ထပ်ရန် ဖိအားပေးခံကြရပါသည်။ သို့စေကာမူ မြန်မာနိုင်ငံတွင် အဓမ္မပြုကျင့်ခြင်းမှ အိမ်ထောင်ချပေးခံရခြင်းသည် ရာဇဝတ်မှုမဟုတ်သောကြောင့် ရလဒ်အနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို ရင်ဆိုင်ကြုံတွေ့ရသော ထိခိုက်နစ်နာသူများ၏ဘဝသည် လူအများ၏ ကဲ့ရဲ့ရှုတ်ချခြင်းသာ ခံကြရပါသည်။

ဓလေ့ထုံးတမ်းအရ ကျား၊မရေးရာ အခန်းကဏ္ဍများအပေါ် ပုံသေကားချပ်မှတ်ယူမှုမှတ်ယူခြင်း (အယူသည်းခြင်း) ခြင်းသည် ပဋိပက္ခကာလတွင် စိန်ခေါ်မှုတစ်ခုဖြစ်နေသည်ကို သတိပြုရမည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးအချို့သည် ထိုအချိန်တွင် အမျိုးသားများ၏နေရာ၌ ကျေးရွာဥက္ကဌအဖြစ် အစားထိုး လုပ်ဆောင်ပေးနေရသောကြောင့်ဖြစ်သည်။ ရလဒ်အနေဖြင့် အမျိုးသမီးများအပေါ်ထားသော သဘောထားများ စတင်ပြောင်းလဲလာပြီး အမျိုးသမီးများသည်လည်း ကျောင်းဆရာမများ၊ ဓလေ့ထုံးတမ်းအရ ရွေးချယ်တင်မြှောက်ထားသော ကျေးရွာအကြီးအကဲများနှင့် ကျန်းမာရေးလုပ်သားများ ဖြစ်ခဲ့ကြပါသည်။ ဤကဲ့သို့ အပြုသဘောဆောင်သော တိုးတက်မှုများရှိခဲ့သော်လည်း ဒေသအတွင်း ကျား၊မရေးရာ တန်းတူညီမျှမှုရရှိရန်အတွက် ဆက်လက်လုပ်ဆောင်ရမည့်အရာများ အများကြီး လိုအပ်နေပါသေးသည်။

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ထိခိုက်နစ်နာသူများအတွက် ဥပဒေဆိုင်ရာ အကာအကွယ်ပေးမှုအတွက် လုံလောက်မှုမရှိခြင်း

မြန်မာနိုင်ငံ၏အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာကိုအကြမ်းဖက်မှုဥပဒေသည် ခေတ်နောက်ကျပြီး ဥပဒေရေးရာအကာအကွယ်ပေးမှုမှာလည်း အလွန်ညံ့ဖျင်းလှပါသည်။ ကိုလိုနီခေတ်မှ ပြဋ္ဌာန်းထားသော ပြစ်မှုဆိုင်ရာ ဥပဒေဖြစ်သော ပုဒ်မ ၃၇၅ အရ လိင်ဆက်ဆံခြင်းနှင့် အိမ်ထောင်ရေးအတွင်း ဖြစ်ပေါ်သောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် ထိခိုက်နစ်နာသူသည် အသက် ၁၅ နှစ်အောက်မဟုတ်ပါက ပြစ်မှုမြောက်သည်ဟု မသတ်မှတ်ထားပါ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ မုဒိမ်းမှုအတွက် အပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ်မှနှစ် ၂၀ အထိကျခံရမည်ဟု ဖော်ပြထားပါသည်။[7] သို့စေကာမူ အိမ်ထောင်ရေး

[5] The Myanmar Times (2016), "*From skirt wearer to rape victim – how our culture gets it wrong*".

[6] Karen Human Rights Group (2016), "*Hidden Strengths, Hidden Struggles: Women's testimonies from Southeast Myanmar*".

[7] The Irrawaddy (2018), "*Upper House Passes Bill Increasing Penalty for Child-Rape Cases*".

အတွင်းဖြစ်ပေါ်သော လိင်အကြမ်းဖက်မှုမှာ (ထောင်ဒဏ်နှစ်နှစ် သို့မဟုတ် ငွေဒဏ်ပေးခြင်း သို့မဟုတ် အပြစ်ဒဏ်နှစ်ရပ်လုံး) ကျခံရစေခြင်းသည် ထိခိုက်နစ်နာမှုအတွက် အလွန်အားနည်းနေသော အပြစ်ဒဏ်ပေးခြင်းပင် ဖြစ်ပါသည်။

ဤအားနည်းသောဥပဒေကို အနာဂတ်တွင် ပြင်ဆင်ပြောင်းလဲရန်ရှိသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ဆက်စပ်သည့် မြန်မာအစိုးရဥပဒေနှင့်အတူ ကရင်အမျိုးသားအစည်းအရုံး ကေအဲန်ယူဥပဒေလည်း အပြိုင်တည်ရှိနေပါသည်။ "*(မြန်မာအစိုးရ) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ဆက်စပ်သည့် ဥပဒေ၏ သက်ရောက်မှုသည် တိုင်းရင်းသားဒေသများနှင့် ဝေးလံသောကျေးလက်ဒေသများသို့ မရောက်ရှိနိုင်ပါ" ဟု* ကျားမရေးရာ တန်းတူညီမျှခြင်း ကွန်ယက်မှ ညှိနှိုင်းရေးမှူးကေသီမြင့်သိန်းမှ ပြောပါသည်။ အမှန်စင်စစ် ကေအဲန်ယူသည်လည်း ၎င်း၏ထိန်းချုပ်မှုအောက်ရှိ ဒေသအတွင်းတွင်မှာလည်း ကိုယ်ပိုင်ပြဋ္ဌာန်းထားသောဥပဒေရှိနေပါသည်။ သို့သော် ၎င်း၏လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ဆပ်စပ်သည့် ဥပဒေပြဋ္ဌာန်းခြင်းများသည် ရှင်းလင်းမှုမရှိစွာ ရှိနေသည်ကိုတွေ့ရှိရပါသည်။ ခြုံငုံကြည့်မည်ဆိုပါက ဥပဒေစနစ်နှစ်ခု အပြိုင်တည်ရှိနေခြင်းကြောင့် ဒေသခံလူထုများအနေဖြင့် အဆိုပါအစိုးရနှစ်ဖက်လုံး၏ ဥပဒေပြဋ္ဌာန်းချက်များအပေါ် အသုံးချနိုင်မည့် ဥပဒေရေးရာအကာအကွယ်နှင့် သက်ဆိုင်ရာအာဏာပိုင်များထံသို့ လိင်ပိုင်းဆိုင်ရာမှုခင်းများကို တင်ပြနိုင်သည့် တိုင်ကြားသည့် ယန္တရားများနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတ အားနည်းနေပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဲန်အယ်လ်ဒီသည် အမျိုးသမီးများကိုအကြမ်းဖက်ခြင်းမှ ကာကွယ်တားဆီးခြင်းဥပဒေ မူကြမ်းအား လိုက်နာကျင့်သုံးခြင်းဖြင့် အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေရေးရာမူဘောင် အားကောင်းလာအောင် လုပ်ဆောင်နေပါသည်။ သို့သော် ဤဥပဒေမူကြမ်းသည် ၂၀၁၃ ခုနှစ်တွင် စတင်ပြုစုထားခဲ့ခြင်းဖြစ်ပြီး လွှတ်တော်မှ အတည်မပြုရသေးပါ။ ဤဥပဒေမူကြမ်းအတည်ပြုမှု လုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည်မဖော်နိုင်အောင် ဝန်ကြီးဌာနအများအပြားမှ လုပ်ဆောင်နေပါသည်။ အထူးသဖြင့် စစ်တပ်မှထိန်းချုပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာနသည် အဆိုပါဥပဒေမူကြမ်းမှ ရှင်းလင်းစွာပြဋ္ဌာန်းထားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် စစ်သားများမှ ပဋိပက္ခဖြစ်ပွားသောဒေသတွင် ကျူးလွန်ခဲ့သော မုဒိမ်းမှုများကို တာဝန်ခံရမည့် အကြောင်းများနှင့် စပ်လျဉ်း၍ ဆန့်ကျင်ကန့်ကွက်နေကြောင်း New York Times သတင်းဌာနမှ ၂၀၁၇ ခုနှစ် မေလတွင် တင်ပြထားပါသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ဧရာဝတီသတင်းဌာနမှလည်း လွှတ်တော်သည် ၎င်းမူကြမ်းဥပဒေကို ပြန်လည်ဆန်းစစ်ရန်အဆင်သင့်ဖြစ်နေသည်ဟု တင်ပြခဲ့ပါသည်။ ထို့အပြင် ၎င်းမူကြမ်းဥပဒေသည် အိမ်ထောင်ရေးတွင်ဖြစ်ပေါ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ထောင်ဒဏ် ၂ နှစ်မှ ၅ နှစ်အထိထပ်တိုးပေးပြီး ကလေးသူငယ်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးချို့တဲ့သော အမျိုးသမီးများအားကျူးလွန်သော လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်မှုကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း စီရင်မည်ဟုလည်း ပြောကြားခဲ့ပါသည်။[8] ၎င်းဥပဒေကို ၂၀၁၉ ခုနှစ်အတွင်း ထုတ်ပြန်အတည်ပြုနိုင်မည်ဟု မျှော်လင့်ကြောင်း လူမှုဖူလုံရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လက်ထောက်ဝန်ကြီးဖြစ်သူ ဦးစိုးအောင်က ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင်ပြောပါသည်။[9] ဤဥပဒေမူကြမ်းအတည်ပြုမှု အမှန်တကယ်ဖြစ်ပေါ်လာရပါမည်။ အဘယ်ကြောင့်ဆိုသော် အနာဂတ်အတွက် အင်မတန်အရေးကြီးသောဤဥပဒေကို နေရာဒေသတိုင်း၏ တရားစီရင်မှုအောက်တွင်တည်ရှိရန် သေချာစွာ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရန် အစိုးရမှလုပ်ဆောင်ရမည့် အဓိကစီမံချက်ပင်ဖြစ်ပါသည်။

[8] The Irrawaddy (2017), "*New Law to Protect Women, Girls Against Violence*".

[9] Myanmar Times (2018), "*Women's law set for enactment next year*".

## သတင်းပို့တိုင်ကြားမှုမရှိခြင်းနှင့် တရားမျှတမှုအားနည်းခြင်းများကြောင့် လွတ်ငြိမ်းချမ်းသာခွင့် ပိုမိုဖြစ်ပေါ်လာစေခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိအမျိုးသမီးများသည် လူမှုအသိုင်းအဝိုင်း၏ ကဲ့ရဲ့အပြစ်တင်ရှုတ်ချမှုအား ကြောက်ရွံ့သောကြောင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ထုတ်ဖော်တင်ပြခြင်းမပြုရန် ရွေးချယ်ကြသလို အဆိုပါကိစ္စရပ်များ တရားရုံးတွင် တာဝန်ခံမှုရရန်အတွက် မည်ကဲ့သို့လုပ်ဆောင်ရမည်ကို သိရှိနားလည်မှုအားနည်းကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ မှတ်တမ်းပြုစုချက်အရ သိရှိရပါသည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူများသည် ဖြစ်ပွားခဲ့သော မှုခင်းအား ထုတ်ဖော် ပြောဆိုခြင်းမပြုကြရန် ထိခိုက်နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား မကြာခဏဆိုသလို ခြိမ်းခြောက်မှုများ ပြုလုပ်နေကြပါသည်။

မြန်မာအစိုးရ၏ တရားစီရင်ရေးအား အပြည့်အဝယုံကြည်မှုမရှိခြင်းနှင့် ယုံကြည်မှုအားနည်းခြင်းသည် ထိခိုက်နစ်နာသူအတွက် တရားမျှတမှုနှင့် အလှမ်းဝေးကွာစေသလို တရားဥပဒေစိုးမိုးမှုကိုလည်း မှေးမှိန်စေပါသည်။ ဤအချက်သည် ယခင်နှင့် ယခုဖြစ်ပေါ်လာသော တပ်မတော်စစ်သားများမှကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကြည့်ခြင်းအားဖြင့် ပိုမိုမှန်ကန်ပါသည်။ အကြောင်းမှာ ပုံမှန်အားဖြင့်ပြစ်မှုကျူးလွန်သူများကို ပွင့်လင်းမြင်သာမှုမရှိသော စစ်ခုံရုံးမှ လျစ်လျူရှုထားခြင်း သို့မဟုတ် ဥပဒေအရ တရားစီရင်ချက်ချခြင်း၊ အပြစ်ဒဏ်ပေးရန် ဖိအားပေးခြင်းများ ကာကွယ်ပေးနေခြင်းကြောင့် ဖြစ်ပါသည်။ တရားစီရင်ရေးစနစ်ကို ယုံကြည်မှုမရှိစေသော တစ်ခြားအကြောင်းရင်းများမှာ ကုန်ကျစရိတ်များခြင်း၊ အကျင့်ပျက်ချစားခြင်း၊ ကျားမရေးရာဘက်လိုက်မှုများရှိခြင်း၊ တိုင်းရင်းသားလူနည်းစုများအတွက် တရားစီရင်ခြင်းလုပ်ငန်းစဉ်အား နှောင့်နှေးစေခြင်းနှင့် တိုင်းရင်းသားလူနည်းစုများအတွက် ဗမာစကားအား ကောင်းမွန်စွာနားမလည်နိုင်သည့်အတွက်ဘာသာစကား အခက်အခဲများရှိခြင်း စသည်တို့ပါဝင်ပါသည်။[10]

ကေအဲန်ယူထိန်းချုပ်ရာဒေသများတွင် ကျေးလက်ဒေသအဆင့် တရားရေးစနစ်သည်လည်း နိုင်ငံတကာတရားစီရင်ရေး စံချိန်စံနှုန်းနှင့် အပြည့်အဝကိုက်ညီမှုမရှိပါ။ ကရင်လူ့အခွင့်အရေးအဖွဲ့၏မှတ်တမ်းပြုစုမှုအရ လိင်ပိုင်းဆိုင်ရာအဓမ္မအကြမ်းဖက်မှုများကို အောက်ခြေအဆင့်တရားရုံးများတွင် ပြစ်မှုကျူးလွန်သူနှင့် ခံရသူ၏ကြားတွင် ညှိနိုင်းခြင်းဖြင့် အမှုအားကျေအေးစေသောနည်းလမ်းဖြင့်သာ ကိုင်တွယ်ဖြေရှင်းကြပါသည်။ ထိုကဲ့သို့ ကိုင်တွယ်ဖြေရှင်းသော အမှုများတွင် ပြစ်မှုကျူးလွန်သူအား ထောင်ဒဏ်ချမှတ်ရန်အတွက် စွမ်းဆောင်နိုင်ခြင်း မရှိကြပေ။

ရလဒ်အားဖြင့် ဒေသခံလူထုများသည် ထုံးတမ်းအစဉ်အလာအရ တရားစီရင်ရေးယန္တရားဖြစ်သည့် ထိခိုက်နစ်နာသူ၏ အခွင့်အရေးအားကာကွယ်ရန် အာမခံမှုမရှိသော ဘက်လိုက်မှုနှင့် နှောင့်နှေးမှုရှိသောတရားစီရင်ရေးစနစ်ကိုသာ မှီခိုအားထားနေကြရသည်။ ဒေသခံတာဝန်ရှိခေါင်းဆောင်များသည် တိုင်တန်းချက်များအပေါ် တုန့်ပြန်မှုပြုရာတွင်နှောင့်နှေးနေပြီး ၎င်းတို့၏ ဥပဒေရေးရာ အသိပညာဗဟုသုတ အားနည်းမှုများကြောင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကဲ့သို့သော တိုင်ကြားမှုများကို ပြစ်မှုဆိုင်ရာဥပဒေအတိုင်း ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိကြပေ။ ထို့အပြင်၎င်းတို့သည် အများအားဖြင့်အမှုများကို သာမန်မဟုတ်သောနည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းကြပါသည်။ အထူးသဖြင့် ထိခိုက်နစ်နာသူကို နည်းပါးသောဒဏ်ငွေပမာဏဖြင့် လျော်ကြေးပေးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူနှင့် အိမ်ထောင်ပြုစေခြင်းဖြင့် အမှုများကိုကိုင်တွယ်ဖြေရှင်းကြပါသည်။ ထိုမှုမက ထိခိုက်နစ်နာသူများသည် အမှုပိတ်ရန်အတွက် ထိုနည်းလမ်းကိုသာလက်ခံရန် မိသားစုဝင်များ၏ ဖိအားပေးခြင်းကို ခံခဲ့ရပါသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးသဘောတူစာချုပ်တွင်ဖော်ပြထားသည်မှာ မြန်မာနိုင်ငံတွင် "*ထုံးတမ်းအစဉ်အလာအရ တရားစီရင်ရေးယန္တရား*

[10] UN Women (2016): "*Women's Access to Justice in the Plural Legal System of Myanmar*", p. 9.

*လုပ်ထုံးလုပ်နည်းအရလုပ်ဆောင်သည့် ထိခိုက်နစ်နာသူအား ပြစ်မှုကျူးလွန်သူနှင့် အိမ်ထောင်ပြုခိုင်းခြင်းသည် ကျား၊မ အခြေပြု အကြမ်းဖက်မှုကို အမြဲဖြစ်ပေါ်စေသည်*" ဟူ၍ဖြစ်ပါသည်။ [11]

ဥပမာအားဖြင့် ၂၀၁၇ ခုနှစ်တွင် ညောင်လေးပင်ခရိုင်ရှိ အသက် ၄၄ နှစ်အရွယ်ရှိသော မုဆိုးမတစ်ဦးအား ရွာသားတစ်ဦးဖြစ်သည့် စောအိုနယ့်ထူးမှ အဓမ္မပြုကျင့်ခဲ့ပါသည်။ သူမသည် တရားမျှတမှုကိုရရှိရန်အတွက် ကျေးရွာအသင်းတော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို တိုင်ကြားခဲ့ပါသည်။ သို့သော် ဒေသခံခေါင်းဆောင်များသည် သူမအား ထိုအဓမ္မပြုကျင့်သူကို အိမ်ထောင်ပြုရန် တိုက်တွန်းခဲ့ပါသည်။ သူမ၏နာမည်ကိုလည်း အသင်းတော်စာရင်းမှ ပယ်ထုတ်ခဲ့ပြီး သူမ၏အိမ်နီးချင်းများသည် သူမကိုအားပေးထောက်ပံ့ခြင်းမပြုသည့်အပြင် သူမအကြောင်းအား အတင်းပြောနေကြပါသည်။ ပြစ်မှုကျူးလွန်သူကို အိမ်ထောင်ပြုရန် သူမငြင်းဆိုခဲ့ပါသည်။ ထို့နောက်ပြစ်မှုကျူးလွန်သူသည်လည်း လျင်မြန်စွာထွက်ပြေးသွားသောကြောင့် ဒေသခံတာဝန်ရှိသူများကလည်း ဤအမှုကို ဆက်လက်စုံစမ်း ဆန်းစစ်ခြင်းမပြုလုပ်တော့ပါ။

အထက်မှဖော်ပြခဲ့သည့်အတိုင်း ပြစ်မှုကျူးလွန်သူများသည် သူတို့၏လုပ်ရပ်အပေါ် ပြစ်ဒဏ်မှကင်းလွတ်ခြင်းကို အပြည့်အဝခံစားခွင့်ရသောကြောင့် ထိခိုက်နစ်နာမှုကို ထုတ်ဖော်တင်ပြရန် ကြိုးစားသောအမျိုးသမီးများအား လက်တုန့်ပြန်မှုပြုနိုင်ကြပါသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကရင်လူ့အခွင့်အရေးအဖွဲ့မှရရှိထားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ၂၇ မှုထဲမှ တစ်မှုသာလျှင် တည်ဆဲဥပဒေအရ ကိုင်တွယ်ဖြေရှင်းမှု ရှိခဲ့သည်ကို တွေ့ရှိရပါသည်။

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်သည့် အကြောင်းအရင်းများအား ကိုင်တွယ်ဖြေရှင်းခြင်း

### ကျား၊ မ ရေးရာ ထိလွယ်ရှလွယ် ကိစ္စရပ်များအပေါ် အလေးထားခြင်း

မြန်မာနိုင်ငံမှ ၁၉၉၇ ခုနှစ်ကတည်းက အဖွဲ့ဝင်ဖြစ်ခဲ့သည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးသဘောတူစာချုပ်၏ အပိုဒ် ၅ တွင် ဖော်ပြထားသည်မှာ အဖွဲ့ဝင် နိုင်ငံများသည် အောက်ဖော်ပြပါ အချက်များအားလုံးကို လိုက်နာဆောင်ရွက်ရပါမည်။

(က) လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ဘက်လိုက်မှုရှိသော အတွေးအခေါ် ယူဆချက်အပေါ်အခြေခံ၍ အမျိုးသားနှင့် အမျိုးသမီးများ၏ကဏ္ဍများအပေါ် ပုံသေမှတ်ယူကျင့်သုံးမှုပုံစံ ပပျောက်စေရန်၊ ကျား၊မအပေါ် အခြေခံ၍ အသာစီးပေးထားခြင်းများစသည့် ဓလေ့ထုံးတမ်းအရအယူသည်းမှုများနှင့် အခြားသောကျင့်သုံးမှုများကို ပြုပြင်ပြောင်းလဲရန်လိုအပ်ပါသည်။ သို့သော်ငြားလည်း နိုင်ငံအတွင်း ကျား၊မ ကွဲပြားမှုအပေါ် ဓလေ့ထုံးတမ်း အယူအဆနှင့် အမြင်များ ရှိနေသောကြောင့် စာချုပ်ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှုရှိလာစေရန် ရှေ့ဆက်လုပ်ဆောင်ရမည့်အရာများ လိုအပ်နေသေးကြောင်း ဖော်ပြနေပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အစီရင်ခံစာများအရ ဒေသခံလူထုများသည် အမျိုးသမီးအခွင့်အရေးနှင့် ကျား၊မတန်းတူညီမျှရေးများ စသည်တို့နှင့်စပ်လျဉ်း၍ အသိပညာနည်းပါးနေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသမီးများသည် ကျေးလက်ဒေသတွင်းရှိ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ရန် အခွင့်အရေးပိုနည်းပါသည်။ ထို့ကြောင့်မကြာခဏဆိုသလိုပင် ၎င်းတို့၏ စိုးရိမ်ကြောင့်ကြမှုများနှင့် ထုတ်ဖော်ဖွင့်ပြောလိုသည့် အသံများသည် ကျေးရွာတာဝန်ရှိအာဏာပိုင်များ၏ မျက်ကွယ်ပြုခြင်းခံကြရပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွင် အမျိုးသမီးများ၏ ခုခံတုန့်ပြန်မှုအားကောင်းလာစေရန် ၎င်းကိစ္စနှင့်ပက်သက်၍ လူထုအသိုင်းအဝိုင်းအတွင်းရှိ ကျောင်းသူ

[11] Committee on the Elimination of Discrimination against Women (2016), "*Concluding observations on the combined fourth and fifth periodic reports of Myanmar*", p. 8.

ကျောင်းသားများ၊ ရွာသူရွာသားများ၊ ကျောင်းဆရာ/ဆရာမများ၊ ရဲများ၊ ကျန်းမာရေးလုပ်သားများ၊ တရားသူကြီးများ၊ အစိုးရဝန်ထမ်းများနှင့် ဒေသခံအာဏာပိုင်များအားလုံး သက်ဆိုင်ရာအခန်းကဏ္ဍများအသီးသီးတွင် အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာပညာပေးမှုများ လွန်စွာအားနည်းခြင်းသည်လည်း လိင်ပိုင်ဆိုင်ရာအကြမ်းဖက်မှုအပေါ် အမျိုးသမီးများ၏ တုန့်ပြန်နိုင်စွမ်းကို ပိုမိုအားနည်းစေပါသည်။ UNESCO မှ ဖော်ပြချက်အရ ပြည့်ဝသော လိင်ပိုင်းဆိုင်ရာပညာပေးခြင်း (Comprehensive Sexuality Education) သည် သင်ရိုးညွှန်းတမ်းအခြေခံ အဆင့်ဆင့်တွင် ရုပ်ပိုင်းဆိုင်ရာ ခံစားမှုများ၊ လူမှုရေးအတွေးအမြင်များကို လေ့လာသင်ကြားရသော လုပ်ဆောင်မှုတစ်ခုဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ကလေးသူငယ်များနှင့် လူငယ်လူရွယ်များအား ၎င်းတို့၏ကျန်းမာရေး၊ ဂုဏ်သိက္ခာနှင့် ကောင်းမွန်စွာနေထိုင်နိုင်ရန် လူမှုရေးအရ လေးစားလိုက်နာခြင်း၊ လိင်မှုရေးရာ ပတ်သက်ဆက်နွယ်မှုများ စသည့်သဘောသဘာဝများ၊ အသိပညာဗဟုသုတများ ရှိလာအောင် သင်ကြားပေးခြင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ အသိပညာတိုးပွားပေးခြင်းဖြင့် ၎င်းတို့အား မိမိရွေးချယ်မှုသည် မိမိသို့မဟုတ် သူတပါး၏ဘဝသာယာဝပြောမှုကို မည်သို့အကျိုးသက်ရောက်မှုရှိနိုင်မည်ကို နားလည်သဘောပေါက်စေနိုင်ပါသည်။ ထို့နည်းအတူ ၎င်းတို့၏ဘဝတစ်လျှောက်တွင် မိမိ၏အခွင့်အရေးများ မည်ကဲ့သို့ကာကွယ်ရမည်ကို သိရှိနားလည်နိုင်မည် ဖြစ်ပါသည်။

CSE သည် ကလေးသူငယ်များအား သဘောတူညီမှုရယူခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကဲ့သို့သော အကြောင်းအရာများကို ပညာပေးရန်အတွက် သင့်တင့်လျော်ကန်သော မူဘောင်တစ်ခုဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပွားနိုင်ချေရှိသော အမူအကျင့်များဖော်ထုတ်ရန်၊ တွန်းလှန်ကာကွယ်နိုင်ရန်နှင့် အကူအညီရယူတတ်ရန် အသုံးချနိုင်သော မူဘောင်တစ်ခုဖြစ်ပါသည်။

ကျား၊မရေးရာ ထိလွယ်ရှလွယ်မှုများအကြောင်းအား လူမှုရေးအခန်းကဏ္ဍတိုင်းတွင် တိုးမြင့်လုပ်ဆောင်ပေးခြင်းနှင့် သဘောတူညီမှုရယူမှုဆိုင်ရာ ဆွေးနွေးခြင်းများသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပေါ် ပြန်လည်ခုခံတုန့်ပြန်နိုင်စွမ်း မရှိမှုကိုလျှော့ချစေရန် အလွန်အရေးကြီးသောလုပ်ဆောင်မှု အဆင့်များဖြစ်သည်။

# နိဂုံး

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ၂၀၁၂ ခုနှစ်ကတည်း၌ လျှော့ကျလာသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အထူးသဖြင့် ကျေးလက်ဒေသများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် ခိုင်ခိုင်မာမာ ဆက်လက်ဖြစ်ပွားလျက်ရှိသော ပြဿနာတစ်ခုအဖြစ် တည်ရှိနေပါသည်။ ပြဿနာဖြစ်ပွားရသည့် အကြောင်းအရင်းကို လုံလုံလောက်လောက် ရှာဖွေဖော်ထုတ်ခြင်းမရှိပါက ထိခိုက်နစ်နာသူများ၏အခွင့်အရေးများကိုကာကွယ်ရန်နှင့် ပြစ်မှုကျူးလွန်သူများ တာဝန်ခံစေရန်ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသလို လွတ်ငြိမ်းချမ်းသာခွင့်ကို ပိုမိုတိုးပွားစေပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ မှတ်တမ်းပြုစုမှုတွင်မှာလည်း ကျူးလွန်ခံရသော ထိခိုက်နစ်နာသူအများစုသည် မည်သည့်ကာကွယ်မှုလုပ်ငန်းစဉ်များ၏ အကျိုးမျှမခံစားကြရပါ။ အကြမ်းဖက်မှုဒဏ်ကို ခံရသောသူများသည် စိတ်ဒဏ်ရာနှင့် အမည်းစက်တစ်ခုအဖြစ် လူမှုအသိုက်အဝန်း၏ကဲ့ရဲ့အပြစ်တင်ရှုတ်ချမှုဒဏ်ကို ဆက်လက်၍ ရင်ဆိုင်ကြရဆဲပင်ဖြစ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းပြုစုထားသောဖြစ်ရပ်တစ်ခုတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဒဏ်ကို ခံစားနေရသောအမျိုးသမီးငယ်လေးတစ်ဦးသည် ပတ်ဝန်းကျင်၏ကဲ့ရဲ့ရှုတ်ချမှုအား ခံရမည်ကိုကြောက်ရွံ့သဖြင့် ကျောင်းဆက်မတက်တော့ကြောင်းသိရှိရပါသည်။ ဤကဲ့သို့သောဖြစ်စဉ်များသည် အဖြစ်များသည်သာမက ထိုကဲ့သို့ခံစားနေရကြသောသူများအား လူမှုပတ်ဝန်းကျင်မှ သီးခြားစွန့်ပစ်ခံရသည့် အခြေအနေတစ်ရပ်ရောက်ရှိစေပါသည်။ ဤကား ၎င်းတို့၏လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် ခုခံတုန့်ပြန်နိုင်စွမ်းမရှိမှုကိုပိုမိုဖြစ်စေပြီး ၎င်းတို့၏အခွင့်အရေးအား အပြည့်အဝ ခံစားပိုင်ခွင့်မရှိစေတော့ပေ။

ထို့ကြောင့် ဖြစ်ပေါ်လာသောပြဿနာတစ်ရပ်၏အရင်းအမြစ်အား ကိုင်တွယ်ဖြေရှင်းခြင်းမပြုမီ ထိခိုက်နစ်နာသူအား အစောတလျှင် အထောက်အပံ့များပေးရန် အရေးတကြီးလိုအပ်ပါသည်။ ဤတွင် ထိခိုက်နစ်နာသူအား အမိကထားချဉ်းကပ်ခြင်း၊ နစ်သိမ့်ဆွေးနွေးအသိပညာပေးခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ ငွေကြေးအထောက်အပံ့ပေးခြင်း၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်းနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများပေးခြင်း စသည်တို့ဖြင့် လူမှုအသိုက်အဝန်းထဲတွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ကူညီပေးခြင်းတို့ ပါဝင်ပါသည်။

## အကြံပြုချက်များ

အမျိုးသမီးများနှင့်သက်ငယ်အမျိုးသမီးများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကာကွယ်စောင့်ရှောက်မှုကို လိုက်နာရန်အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြန်မာအစိုးရကို အကြံပြုလိုသည်မှာ-

- လိင်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများအတွက် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းမှအကာအကွယ်ရရှိနိုင်ရန် သေချာစွာလုပ်ဆောင်ပေးရန်နှင့် အစိုးရမှဤဥပဒေမူကြမ်းအား လက်တွေ့ကျင့်သုံးနိုင်သည့် ဥပဒေတစ်ခုဖြစ်လာရန် ဖြစ်နိုင်သမျှ အစောတလျှင် အတည်ပြုပေးရပါမည်။
- အိမ်ထောင်ရေးအတွင်းဖြစ်ပွားသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို အဆင့်ဆင့်ထိရောက်စွာအရေးယူပေးရန်
- အတင်းအဓမ္မ လိင်ပိုင်းဆိုင်ရာကျူးလွန်သူများကို ကာကွယ်သောတရားဥပဒေအား ဖျက်သိမ်းပေးရန်နှင့်တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အတိတ်နှင့်လက်ရှိဖြစ်ပွားနေသော အမျိုးသမီးများအပေါ် ကျူးလွန်သောအတင်းအဓမ္မလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုလိင်ဆက်ဆံခြင်းများကို ထိရောက်စွာစုံစမ်းစစ်ဆေး ဖော်ထုတ်ရပါမည်။
- အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးအတွက် သဘောတူညီထားချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တရားမျှတမှုရရန်အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့အား အကြံပြုလုပ်စေလိုသည်မှာ-

- အမျိုးသမီးများနှင့်မိန်းကလေးများအား နည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာဆန့်ကျင်အကြမ်းဖက်မှုအတွက် တိုင်ကြားခြင်းယန္တရားများကို နေရာတကျထားရှိပေးရန်နှင့် အစီအရင်ခံတင်ပြမှုများအား စနစ်တကျတာဝန်ယူ ဆောင်ရွက်ပေးခြင်းများအားတိုးမြှင့်ပေးသင့်ပါသည်။
- ဥပဒေရေးရာဝန်ထမ်းများ၊ တရားသူကြီးအဖွဲ့များ၊ ဒေသခံခေါင်းဆောင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တိုင်ကြားခြင်းပေါ် ရာဇဝတ်ဥပဒေသအတိုင်း တင်းကြပ်စွာ လိုက်နာခြင်းဖြင့် ကျား၊မရေးရာထိလွယ်ရှလွယ်မှုအား အရေးပေးခြင်းဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းရပါမည်။
- ဓလေ့ထုံးတမ်းအရကျင့်သုံးသော တရားစီရင်ရေးယန္တရားအားထိန်းချုပ်ရန် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိစ္စရပ်များအတွက် လိုအပ်လျှက်ရှိသောတိုင်းထွာမှုများအား ပြုလုပ်သင့်ပါသည်။

အမျိုးသမီးများအားအတင်းအဓမ္မလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းမှကာကွယ်ရန် မြန်မာအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံးတို့ လုပ်ဆောင်သင့်သည်မှာ-

- အမျိုးသမီးများအတွက် ထိခိုက်နစ်နာစေသော အစဉ်အလာအလေ့အကျင့်များနှင့် လူမှုရေးစံချိန်စံညွှန်းများကို ပြောင်းလဲနိုင်ရန်အတွက် လိုအပ်သောဆောင်ရွက်မှုများကို လူမှုအသိုက်အဝန်းများအားလုံးမှ ကျားမဆိုင်ရာတန်းတူ ညီမျှမှုနှင့် အမျိုးသမီးများ၏အခွင့်အရေးများ သိရှိခံစားစေရန်နှင့်
- အများပါဝင်သောသင်တန်းများတွင် ကျားမဆိုင်ရာထိလွယ်ရှလွယ်မှုများနှင့် လိင်ပိုင်းဆိုင်ရာပညာရပ်များကိုကျောင်း ၏သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းဖော်ပြခွင့်ပြုရန် သေသေချာချာလုပ် ကိုင်ဆောင်ရွက်သင့်သည်။


မြန်မာအစိုးရနှင့် ကေအဲန်ယူအမျိုးသားအစည်းအရုံးတို့ကို အောက်ဖော်ပြပါများမှ လိင်းပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသော အမျိုးသမီးများကို ကာကွယ်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ အကြံပြုလိုသည်မှာ-

- အတင်းအဓမ္မလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရသော အမျိုးသမီးများကို အကာအကွယ်ပေးသော ခိုလှုံသည့်နေရာ လုံလောက်စွာရရှိရန်နှင့် ပြင်းထန်သောထိခိုက်ခံစားရမှု စိတ်ဒဏ်ရာများအတွက် ကျွမ်းကျင်စွာ လေ့ကျင့်သင်ကြား ပေးထားသောဝန်ထမ်းများနှင့် ပြန်လည်ကုစားပေးရန်
- အတင်းအဓမ္မလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရသော အမျိုးသမီးများကို ပြည့်စုံသော အကူအညီအထောက်အပံ့များ ဖြစ်သည့် ဥပဒေရေးရာနစ်သိမ့်ဆွေးနွေးခြင်းများ၊ တရားဝင်အကြံပြုချက်များ၊ ကာကွယ်စောင့်ရှောက်ရေး အစီအစဉ် များ၊ ငွေကြေးရေးထောက်ပံ့မှုများ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများနှင့် ကျွမ်းကျင်မှုရှိသည့် သင်တန်း များပို့ချပေးရပါမည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကျူးလွန်သူများအား ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခြင်းကို ပပျောက်စေရန် တပ်မတော်၊ နယ်ခြားစောင့်တပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလုပ်ဆောင်ရမည်မှာ-

- ပဋိပက္ခများအားဖယ်ရှားရန် ကြိုးပမ်းလုပ်ဆောင်ပေးရပါမည်။ အထူးသဖြင့် ပြည်သူလူထုများ နေထိုင်ရာနေရာဒေသ အနီးအနားတွင် အမျိုးသမီးများအားဆန့်ကျင်သော ကျားမအခြေပြု အကြမ်းဖက်မှုအန္တရာယ်များကို လျော့ချရန်နှင့် အမျိုးသမီးများအား ပဋိပက္ခဖြစ်ပွားမှုများမှကာ ကွယ်ရန်နှင့်
- အမျိုးသမီးများကိုဆန့်ကျင်သော ကျားမအခြေပြု အကြမ်းဖက်မှုများအပေါ် ကျားမရေးရာတွင် ထိရှလွယ်သော ထိခိုက်နစ်နာသူအမျိုးသမီးများအတွက် စဉ်းစားပေးရသည့်အခါ စစ်တပ်မှကျူးလွန်သော ပြစ်မှုများအား တာဝန်ခံမှု ထားရှိရန်၊ တရားစီရင်ရေးတွင် ပွင့်လင်းမြင်သာသော နည်းဖြင့် လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။

# ကေအဲန်ယူသတ်မှတ်ထားသော ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံအစိုးရသတ်မှတ်ထားသော တိုင်းနှင့်ပြည်နယ် နယ်နိမိတ်




ကရင်လူ့အခွင့်အရေးအဖွဲ့

## အသိပေးကြေညာချက်

ဤစာတမ်းကို ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု နှင့်မစ်ဆူဘီရှိ ကော်ပိုရေးရှင်း တို့ထည့်ဝင်လှူဒါန်းထားသည့် LIFT ရန်ပုံငွေ၏ပံ့ပိုးမှုဖြင့်ဆောင်ရွက်သည်။ ယခုစာတမ်းတွင် ရေးသားဖော်ပြချက်များသည် LIFT အလှူရှင်များ၏ တရားဝင်အတည်ပြုထားသည့်အမြင်များဟု မယူဆနိုင်ပါ။

**မှ ရန်ပုံငွေ ပံ့ပိုးသည်-**

Livelihoods and Food Security Trust Fund

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကိုပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအားပံ့ပိုးပေးခြင်းဖြင့် လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကိုဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကိုကာကွယ်လျှက်ရှိသည့်ရွာသားများ၏ နည်းဗျူဟာများပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေပိုမိုတိုးတက်ကောင်းမွန် လာစေရန်ကြိုးပမ်းလျှက်ရှိပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါ သည်။

KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း